Government of Western Australia
Mental Health Commission

## သင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

- သင့်အခွင့်အရေးဆိုင်ရာ အချက်လက်များကို သိရှိပိုင်ခွင့်နှင့် မေးသမျှမေးခွန်းများကို ဖြေကြားပေးခြင်းခွင့်ရှိသည်။
- ဆေးရုံတက်ပြီးနောက် ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှု ခံယူပိုင်ခွင့်ရှိသည်
- စိတ်ကျန်းမာရေးဆရာဝန်နှင့် ဆွေးနွေးပိုင်ခွင့်ရှိသည်
- တစ်စုံတစ်ဦးအား ရွေးချယ်ထားပိုင်ခွင့်ရှိသည်
- ကုသရေး၊ ပံ့ပိုးရေးနှင့် ဆေးရုံမှဆင်းစေရေးဆိုင်ရာအစီစဉ်များတွင် ပါဝင်ခွင့်ရှိသည်
- လူများအား စာတိုက်မှဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်စနစ်ဖြင့်ဖြစ်စေ ဆက်သွယ်ပြီး အလည်လာရန် တောင်းဆိုပိုင်ခွင့်ရှိသည် (ဤအခွင့်အရေးအား ကန့်သတ်ထားနိုင်သည်)
- ကိုယ်ရေးအချက်လက်များအား ကာကွယ်ထိန်းသိမ်းပေးခွင့်
- သင့်ဆေးဖက်ဆိုင်ရာ မှတ်တမ်းများအား ကြည့်ရှုခွင့် (ဤအခွင့်အရေးကိုလည်း ကန့်သတ်ထားနိုင်သည်)
- သင်ဆေးရုံတက်နေစဉ် သင့်ပိုင်ဆိုင်မှုများအား လုံခြုံစွာ ထိန်းသိမ်းပေးခံရခွင့်
- အခြား စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးထံမှ နောက်ထပ်ထင်မြင်ချက်အားတောင်းဆိုနိုင်သည် - ယင်းအားစီစဉ်ပေးရန် သင့်၏စိတ်ကျန်းမာရေးဆရာဝန် သို့မဟုတ် စိတ်ကျန်းမာရေး ဆရာဝန်ချုပ်အား (ဖုန်း - 9222 4462) သို့ခေါ်ဆို ဆက်သွယ်နိုင်သည်။
- စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးရေးဝန်ဆောင်မှုအား ရယူနိုင်သည် (ဖုန်း - 1800 999 057)။ သင်မှ ဆန္ဒမပါသော ကုသမှုကို ခံယူရမည်ဆိုပါက သင့်အား ၇ ရက်အတွင်း (ကလေးများအတွက် ၂၄ နာရီ) စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးရေးဝန် ထမ်းမှအလိုလျောက်ဆက်သွယ်မည်ဖြစ်သည်။
- စိတ်ကျန်းမာရေးဝန်ဆောင်မှု သို့မဟုတ် ကျန်းမာရေးနှင့် မသန်စွမ်းမှု ဝန်ဆောင်မှုများဆိုင်ရာ စောဒကဖြေရှင်းရေးဌာန (HaDSCO) သို့ စောဒကတက်လွှာများ တင်သွင်းနိုင်သည် (ဖုန်း - 1800 813 583)
- သင့်ဖြစ်ရပ်အား စိတ်ကျန်းမာရေးခုံရုံးမှ သုံးသပ်ပေးရန် တောင်းဆိုနိုင်သည် (ဖုန်း - 08 6145 3900)။ ခုံရုံးမှ ၅ ပတ်အတွင်း ( ကလေးများဆိုလျှင် ၁၀ ရက်)သင့်အား ဆန္ဒမပါပဲ ကုသမှုကို ခံယူရန် ညွှန်ကြားချက်နှင့် ပတ်သက်၍ကြားနာမှုအား စီစဉ်မည်ဖြစ်သည်။

## နောက်ထပ်အချက်လက်များ

ဤလက်ကမ်းစာစောင်တွင်ပါသော အချက်လက်များမှာ ၂၀၁၄ ခုနှစ် စိတ်ကျန်းမာရေးအက်ဥပဒေတွင် ဖော်ပြထားသော ဥပဒေများနှင့် သက်ဆိုင်ပါသည်။ အက်ဥပဒေပိုင်း အချက်လက်များအား အောက်ပါလက်ကမ်းစာစောင်များတွင် အကျဉ်းချုပ်ဖော်ပြထားပါသည် -

- စမ်းသပ်စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေး ဆရာဝန်ထံသို့ လွှဲပြောင်းခြင်း
- အတွင်းလူနာကုသရေးညွှန်ကြားချက်
- ရပ်ရွာတွင်းကုသရေး ညွှန်ကြားချက်
- ဆန္ဒဖြင့် တက်ရောက်သော လူနာများအတွက် အချက်လက်များ
- စိတ်ကျန်းမာရေးပြဿနာအတွက် ကုသမှုခံယူခြင်း
- လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ
- ရွေးချယ်ထားသောသူများ - ရွေးချယ်ခြင်းအားမည်သို့ပြုလုပ်ပြီး မည်သည့်အခွင့်အရေးရှိပါသနည်း။

## အခြား လက်ကမ်းစာစောင်များအား အောက်ပါတို့မှ ရရှိနိုင်ပါသည် -

- စိတ်ကျန်းမာရေး ခုံရုံး
- စိတ်ကျန်းမာရေးဆိုင်ရာ အားပေးကူညီရေးဝန်ဆောင်မှုဌာန
- စိတ်ကျန်းမာရေး ဥပဒေစင်တာ

၂၀၁၄ စိတ်ကျန်းမာရေးအက်ဥပဒေနှင့် အခြားရင်းမြစ် အချက်လက်များအကြောင်း နောက်ထပ်သိလိုပါက စိတ်ကျန်းမာရေးကော်မစ်ရှင် ဝက်ဘ်ဆိုက်ဖြစ်သည့် www.mhc.wa.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် (08) 6272 1200 သို့ခေါ်ဆိုဆက်သွယ်ပါ။

This document can be made available in other languages and alternative formats on request.

Published by the Mental Health Commission (2015)

# အတွင်းလူနာအဖြစ် ကုသမှုခံယူရန် ညွှန်ကြားချက်



အတွင်းလူနာအဖြစ် ကုသမှုခံယူရန် ညွှန်ကြားချက် (ဖောင်ပုံစံ 6A သို့မဟုတ် 6B) သည် သင့်အားဆေးရုံတွင် မိမိဆန္ဒမပါသော ဆေးကုသမှုခံယူရန်အတွက် ၂၀၁၄ ခုနှစ် စိတ်ကျန်းမာရေး အက်ဥပဒေအရ ညွှန်ကြားချက်ဖြစ်သည်။

ဤလက်ကမ်းစာစောင်မှ ဖော်ပြပေးသော အချက်လက်များမှာ သင့်ဘက်မှ ဆေးရုံတွင် မိမိဆန္ဒမပါပဲ ကုသမှုခံယူသည့်အခါ သင့်အခွင့်အရေးများနှင့် သင်မျှော်လင့်နိုင်သည့် အရာများအကြောင်းဖြစ်ပါသည်။

## အဘယ်ကြောင့် အတွင်းလူနာအဖြစ်ကုသမှုခံယူရန် ညွှန်ကြားချက်အား ပြုလုပ်ခဲ့ပါသနည်း။

သင်အတွင်းလူနာအဖြစ်ကုသမှုခံယူရန် ညွှန်ကြားချက် (ဖောင်ပုံစံ 6A သို့မဟုတ် 6B) အားရရှိသည့်အခါ ယင်းသို့ ညွှန်ကြားရသည့် အကြောင်းရင်းမှာ စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အားစစ်ဆေးပြီးအောက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့သည့် အတွက်ကြောင့် ဖြစ်ပါသည်။

- သင့်တွင် ကုသမှုခံယူရန်လိုအပ်သော စိတ်ကျန်းမာရေး ပြဿနာရှိလျှင်၊
- သင့်ဘက်မှကုသမှုအား မရယူခဲ့ပါက သင့်ကိုယ်သင်နှင့် အခြားသူအား ထိခိုက်မှုရှိစေမည့်အလားလာရှိလျှင်၊
- ကုသမှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ပြုလုပ်ရန် သင်ကောင်းကောင်း ကျန်းမာမှုမရှိလျှင်၊
- ရပ်ရွာတွင်းကုသမှုသည် အခြေအနေအရပ်ရပ်တွင် သင့်တော်သည့် ရွေးချယ်မှုမဟုတ်လျှင်၊
- ရပ်ရွာတွင်း ကုသမှုခံယူရန် ညွှန်ကြားချက်မှလွဲ၍ အခြားထိန်းချုပ်မှု နည်းပါးသော ကုသမှုပုံစံမျိုးအား မရရှိနိုင်ပါက။

## အတွင်းလူနာအဖြစ် ကုသမှုခံယူရန် ညွှန်ကြားချက်မှာ သင့်အတွက် မည်သို့အဓိပ္ပါယ်သက်ရောက်မှု ရှိပါသနည်း။

အတွင်းလူနာအဖြစ် ကုသမှုခံယူရန် ညွှန်ကြားချက် ရရှိသည့်အခါ

- သင့်သည် ညွှန်ကြားချက်တွင် ဖော်ပြထားသည့်ဆေးရုံသို့ တက်ရောက်ရမည်
- ယင်းဆေးရုံတွင် သင့်စိတ်ကျန်းမာရေးပြဿနာအတွက် ကုသမှုခံယူရမည်
- အတွင်းလူနာအဖြစ် ကုသမှုခံယူရန် ညွှန်ကြားချက် မပြီးဆုံးမချင်း သင့်အား ဆေးရုံမှ ထွက်ခွာခွင့်ပြုမည် မဟုတ် (သို့မဟုတ် သင့်အား ခွင့်ရက် မပေးပါက).

ဖောင်ပုံစံ 6A နှင့် 6B ကြားကွာခြားချက်မှာ သင်တက်ရောက် ရမည့် ဆေးရုံအမျိုးအစားပင် ဖြစ်သည်။

ဖောင်ပုံစံ 6A အား သင့်ကျန်းမာရေး အလွန်ဆိုးရွားနေမှပြီး သင့်ရုပ်ပိုင်းဆိုင်ရာ အခြေအနေအား ကုသပေးမည့် ဆေးရုံတွင် သင်တက်ရောက်ဖို့ လိုမှသာ အသုံးပြုမည်ဖြစ်သည်။

## သင်ခံယူသည့် ကုသမှုနှင့်ပတ်သက်ပြီး သင်ပြောရေးဆိုခွင့် ရှိပါသလား။

ကုသမှုမပြုလုပ်ခင် သင့်ဆန္ဒသဘောတူညီချက်အား ရယူရန် သင့်အား အမြဲတောင်းဆိုပါမည်။ သို့သော် မိမိဆန္ဒမပါသော ကုသမှုဆိုသည်မှာ လိုအပ်လျှင်လိုအပ်သလို သင့်သဘောဆန္ဒ မပါလျှင်လည်း ကုသမှုပေးနိုင်သည် ဆိုသည့်သဘောဖြစ်ပါသည်။ သင့်အားပေးမည့်ကုသမှုနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်ပြုလုပ်သည့်အခါ သင့်ဆန္ဒများကို သင့်အားကုသနေသောအဖွဲ့မှ ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ပြီး သင့်အားကုသမှု၊ ပံ့ပိုးမှုနှင့် ဆေးရုံဆင်းစေရေး အစီစဉ်များ တိုးတက်မှုရှိလာစေရေးတွင် သင့်ကိုလည်း ပါဝင်ခွင့်ပြုမည်ဖြစ်ပါသည်။

## သင့်အား ဆေးရုံမှထွက်ခွာရန် ခွင့်ပြုပေးမည်လား။

သင့်အနေဖြင့် သော့ခတ်ထားသည့်ကုသဆောင်ထဲတွင် အချိန်ကုန်ဆုံးရန် မလိုအပ်ပါ။ သို့သော် ခွင့်ပြုချက်မရပဲ သင်ဆေးရုံမှ ထွက်ခွာသွားနိုင်မည် မဟုတ်ပါ။ သင့်ဘက်မှ ထွက်ခွာခဲ့ပါက ဆေးရုံဝန်ထမ်း၊ ပို့ဆောင်ရေးဝန်ထမ်း သို့မဟုတ် ရဲဝန်ထမ်းတို့မှ သင့်အား ဆေးရုံသို့ပြန်ပို့နိုင်ပါသည်။

ဆေးရုံတက်နေစဉ် ဆေးရုံမှထွက်ခွာဖို့ရာခွင့်ယူရန် သင့်စိတ် ကျန်းမာရေးဆရာဝန်အား တောင်းဆိုနိုင်ပါသည်။ ယင်းသို့ခွင့်ယူခြင်းမှာ သင့်အားပြန်လည်နေကောင်းလာစေပြီး သင့်ဆေးရုံအဝေးတွင် ရှိနေစဉ် လုံခြုံဘေးကင်းမှုရှိမှသာ ဆရာဝန်မှ ခွင့်ပြုပေးမည် ဖြစ် သည်။ ဆရာဝန်မှ သင့်စောင့်ရှောက်သူ/မိသားစုနှင့် ဦးစွာဆွေးနွေးရမည်ဖြစ်သည်။ သင့်ခွင့်ရက် ဆုံးသည့်အခါ သင်ဆေးရုံသို့ ပြန်လာရပါမည်။ အကယ်၍ပြန်မလာပါက ဆေးရုံဝန်ထမ်း၊ ပို့ဆောင်ရေးဝန်ထမ်း သို့မဟုတ် ရဲဝန်ထမ်းတို့မှ သင့်အား ဆေးရုံသို့ ပြန်ပို့နိုင်ပါသည်။

## အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရန် ညွှန်ကြားချက်မှာ သက်တမ်းမည်မျှရှိသနည်း။

အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရန် ညွှန်ကြားချက်မှာ လူကြီးများအတွက် ၂၁ ရက် ကြာနိုင်ပြီး ကလေးများအတွက် (အသက် ၁၈ နှစ်အောက်) ၁၄ ရက်ကြာနိုင်ပါသည်။

ညွှန်ကြားချက်သက်တမ်း နောက်ဆုံးအပတ်တွင် စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အား ထပ်မံစစ်ဆေးမည်ဖြစ်ပြီး ညွှန်ကြားချက်အား ဆက်လက်အချိန်တိုးချဲ့ရန် သင့်မသင့် ဆုံးဖြတ်ပါမည်။ စိတ်ကျန်းမာရေးဆရာဝန်မှ ညွှန်ကြားချက် သက်တမ်းအား လူကြီးများအတွက် ၃လ အထိ အချိန်တိုးချဲ့နိုင်ပြီး ကလေးများအတွက် ၂၈ ရက်ခန့် အချိန်တိုးချဲ့နိုင်သည်။ သင်မှ မိမိဆန္ဒမပါသောကုသမှုကို ဆေးရုံတွင်ခံယူရန် မလိုအပ်လောက်အောင် ပြန်လည်ကျန်းမာလာ သည့်တိုင် ညွှန်ကြားချက်သက်တမ်းအား လိုအပ်သလောက် အချိန် တိုးချဲ့နိုင်ပါသည်။

## အတွင်းလူနာအဖြစ် ကုသမှုခံယူရန် ညွှန်ကြားချက် မည်သို့ အဆုံးသတ်ပါသနည်း။

သင်မှ လူနာအဖြစ်ကုသမှုခံယူနေစဉ် မည်သည့်အချိန်တွင်မဆို စိတ်ကျန်းမာရေးဆရာဝန်မှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါလျှင် ယင်းညွှန်ကြားချက် အဆုံးသတ်မည်ဖြစ်သည်။

- သင်မှ မိမိဆန္ဒမပါသော ကုသမှုအား ခံယူရန် မလိုအပ်တော့ပဲ ဆန္ဒအရ ကုသမှုခံယူနိုင်သည်အခြေနေတွင်ရှိလျှင်သော်လည်းကောင်း ဆေးရုံမှ ထွက်ခွာနိုင်သည့် အခြေနေရှိလျှင်သော်လည်းကောင်း သို့မဟုတ်
- သင်မှ ရပ်ရွာတွင်းကုသမှုခံယူရေး ညွှန်ကြားချက်ဖြင့် ရပ်ရွာတွင်းတွင်သာ ကုသမှုခံနိုင်သည့်အခါ

အောက်ပါအခြေအနေများရှိခဲ့ပါလျှင်သင့်အားဆေးရုံဆင်းခွင့်သို့ မဟုတ် လွှတ်ပေးခွင့်ပေးရမည်၊

- • သက်တမ်းအား ဆက်တိုးစရာမလိုတော့လျှင်သော်လည်းကောင်း သင့်အားဆေးရုံဆင်းခွင့်ပြုသည့်အခါ
- • စိတ်ကျန်းမာရေး ခုံရုံးမှ သင့်ဖြစ်ရပ်အား သုံးသပ်ပြီး မိမိဆန္ဒအရမဟုတ်သောကုသမှုကို သင်မှခံယူရန် မလိုအပ်တော့ပါဟု ဆုံးဖြတ်သည့်အခါ။